ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၅ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ရက်)

**စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးထိန်လင်း | ဧရာဝတီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၅) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| ( ဂ ) | ဦးအောင်နိုင် | မကွေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးမင်းစမ်း | မွန်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးခင်မောင်မြင့် | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (စ) | ဦးကျော်မြင့် | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဆ) | ဦးမြလင်း | ရခိုင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းမင်းထွန်း | ရခိုင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်ဇင်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ည) | ဦးစောသိန်းလွင် | ကရင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးမင်းဇော် | တပ်မတော်သားကိုယ်စားလှယ်အဖွဲ့ဝင် | |
| (ဌ) | ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး | တပ်မတော်သားကိုယ်စားလှယ်အဖွဲ့ဝင် | |
| (ဍ) | ဗိုလ်မှူးနိုင်ဝင်းလတ် | တပ်မတော်သားကိုယ်စားလှယ်အဖွဲ့ဝင် | |
| (ဎ) | ဗိုလ်မှူးထက်လွင်ဦး | တပ်မတော်သားကိုယ်စားလှယ်အဖွဲ့ဝင် | |
| (ဏ) | ဦးဆီဟူးဒွေ့ | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၆) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ဒေသနှင့်ကိုက်ညီပြီးအထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များ ရရှိရေး၊ စံချိန်စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် အခြား စိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးများရရှိရေး၊ စနစ်တကျသုံးစွဲရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) သဘာဝဓာတ်မြေဩဇာများ ပိုမိုသုံးစွဲနိုင်ရေး၊ အော်ဂင်းနစ်မြေဩဇာများ ထုတ်လုပ် သုံးစွဲမှု တိုးတက်လာရေးနှင့် အော်ဂင်းနစ်နည်းပညာ ဖွံ့ဖြိုးလာရေးကို အားပေး ကူညီ ဆောင်ရွက်ပေးရန်၊

(ဂ) ဆန်စပါးအပါအဝင် အလားအလာရှိသော အရည်အသွေးမြင့် ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပဈေးကွက်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင် နိုင်စွမ်းရှိရေးကို အားပေးကူညီဆောင်ရွက်ပေးရန်၊

(ဃ) စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့် စက်မှုကုန်ချောပေါ်ပေါက်စေရန် နည်းပညာဖြန့်ဝေခြင်းနှင့် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(င) စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းများ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် ရေအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိစွာ အသုံးချစီမံခန့်ခွဲရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(စ) ပြည်သူလူထု အာဟာရပြည့်ဝစေရန်အတွက် ပြည်တွင်းတိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမြင့်တင်ပြီး ပြည်တွင်းသုံးစွဲမှု ဖူလုံရေးသာမက ပြည်ပသို့တင်ပို့မှု မြင့်မားအောင်လည်း ကူညီဆောင်ရွက်ပေးရန်၊

(ဆ) ပင်လယ်ကမ်းနီးကမ်းဝေးငါးများ မပြုန်းတီးရေးနှင့် ပိုမိုပွားများလာရေး၊ ကမ်းရိုးတန်းနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရန် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် စက်ကိရိယာများရရှိရေးကို ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဇ) ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍအသုံးချနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊

(ဈ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေများကို လိုအပ်လျှင် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ည) လုပ်ငန်းတာဝန်ပြီးစီးတိုင်း လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြခြင်းနှင့် ကော်မတီ၏အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြပေးရန်၊

( ဍ ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

( ခ ) အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသအသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်၊

( ဂ ) လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်သည်၊

(ဃ) လုပ်ငန်းနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိသည်၊

(င) အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်၊

(စ) ကော်မတီသည် လိုအပ်သည့်နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ကော်မတီဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ